## ၁၂။ ဖြုတ်စိမ်းပိုး

**Indian Cotton Jassid : *Amrasca biguttula biguttula* (Ishida, 1912)**

**Hemiptera: Cicadellidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**




အကောင်ငယ်များ သည် အလင်းရောင်ဖောက်မတတ်ဖြစ်ကာ စိမ်းနုရောင်သန်းပြီး ကန့်လန့်ဖြတ် ရွေ့လျားသည်။ အရွယ်ရောက်ကောင်များ မှာစိမ်းဝါရောင်သန်းပြီးသပ်ပုံစံရှိကာ ထိပ်တွင် အနက်စက်တစ်စုံပါရှိ ပြီး ရှေ့တောင်ပံတစ်ခုစီပေါ်တွင် အနက်စက်တစ်စက်ပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွယ်ရောက်ကောင်နှင့်အကောင်ငယ်များသည် အပင်၏သစ်ရည်ကို စုပ်ယူကြသည်။ ဖျက်ဆီးခံရ သော အရွက်များတွင် ဝါနုရောင်ကို တွေ့ရသည်။ဆိုးရွားစွာ ကျရောက်ပါက အရွက်များသည် အတွင်းဖက်သို့ကွေးသွားကြပြီး ခွက်ပုံဖြစ်သွားပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (** ၆–၇**)** ရက် |
| ပိုးမမည် အဆင့် | –(၅–၁၆)ရက် |
| အကောင်ကြီး အဆင့် | –(၁၅–၁၉)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)မစိုက်မီမျိုးစေ့ အားအီမီဒါကလိုပရစ် (Imidacloprid 600 FS/ Imidacloprid 70 SS ) ဖြင့်လူးနယ်စိုက်ပျိုးပါ။

(၂) ပေါင်းမြက်များအားရှင်းလင်းပါ။

(၃)အဝါရောင်ပိုးဖမ်းထောင်ချောက်တပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၄)ထိသေ၊စားသေ(သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတမျိုးမျိုးကိုဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- အဆီတာမိပရစ် (Acetamiprid)
- ဖစ်ပရိုနေး(Fipronil)
- ဘူပရိုဖီဇင်(Buprofezin)